

# ငြိမ်းချမ်းရေး သဘင်

၁၃၇၃-ခု (၁၄.၀၈.၂၀၁၁) တနင်္ဂနွေ နေ့၊ အင်္ဂလန် နိုင်ငံ လန်ဒန်မြို့ လန်ဒန်ဝိဟာရကျောင်းမှာ မိုးကုတ်ဆရာတော် ဘဒ္ဒန္တ ကစ္စာယန မဟာထေရ်၊ လန်ဒန်ဝိဟာရကျောင်း ဆရာတော် ဘဒ္ဒန္တ ကုသလ မဟာထေရ်၊ သာသနရံသီကျောင်း ဆရာတော် ဘဒ္ဒ န္တ ဥတ္တရ မထေရ်နှင့် လန်ဒန်ဝိဟာရကျောင်း သံဃာတော်များ၊ တိသရဏ ဝိဟာရကျောင်း သံဃာတော်များ၊ သာသနရံသီကျောင်း သံဃာတော်များ၊ မိုးကုတ်ဓမ္မရိပ်သာ သံဃာတော်များ၊ ဓမ္မာဓိပတိ(ရွှေကျင်)ကျောင်း သံဃာတော်တို့နှင့် သံဃာတော် (၉)ပါး စုပေါင်းဦးဆောင်လျှက် မေတ္တာအခါတော်ပွဲကို နေ့ (၃)နာရီ အချိန်မှာ အစီအစဉ်နှင့်တကွ ကျင်းပ ပူဇော်ပြုလုပ်ကြပါတယ်။ မုဒုံဆရာတော်က သီလပေး၊ မိုးကုတ်ဆရာတော်က အနမောဒနာ တရားဟော၊ သသနရံသီ ဆရာတော်က မေတ္တာသုတ်တော် ရွတ်ဆိုပူဇော်ခြင်း ပွားများခြင်း ဘာဝနာကုသိုလ်နှင့် ဆွမ်းဒါန၊ ပစ္စည်းလေးပါး ဒါနတို့ကို စုပေါင်း၍ ရေစက်ချပေးခြင်း စတဲ့ ဆောင်ရွက်ဖွယ်များကို အစီစဉ်အတိုင်း ဆောင်ရွက်ကြပါတယ်

ကြွရောက်တော်မူကြသည့် သံဃာတော်တို့နှင့် လာရောက်ပူဇော်ကြ ကြည်ညိုကြသော လူကြီးလူငယ် ဧည့်သည်တော်တို့အား ဘောဇန ဒါနကို ဒေါက်တာ တင်တင်လွင်မှ မိဘနှစ်ပါး ရည်စူး၍ လှူဒါန်းပူဇော် ဆက်ကပ်ပါတယ်။ တစ်နှစ်မှ တစ်ကြိမ်သာ ကျရောက်တဲ့ မေတ္တာအခါတော် နေ့ရက်မှာ အထူးမေတ္တာ ပွားလျှက် ပူဇော်ခွင့် ရကြတာ နေ့စဉ်ပွားကြတဲ့ မေတ္တာအကျိုးထက် ကုသိုလ်တန်ဖိုး ပိုတယ်လို့ ဆိုရပါမယ်၊ နေ့စဉ်မှာ မေတ္တာပွားလျှင် မေတ္တာအကျိုးသာ ရရှိလျှက် ယနေ့မှာတော့ အသေဝနာစ မင်္ဂလာတရား၊ ပဏ္ဍိတာနဥ္စ သေဝန မင်္ဂလာတရား၊ ပူဇာစ ပူဇနေယျာနံ မင်္ဂလာတရားများနဲ့ ဘုရားဟော မင်္ဂလာတရားတော်များ ပြည့်ဝစွာ ရရှိနိုင်ကြတဲ့ နေ့ထူးရက်ထူး တစ်နေ့အပါအဝင်ပါ၊ မသိသူကျော်သွား၍ သိသူကတော့ ဖော်စားခဲ့ကြပြီးပါပြီ၊ သိလိုသူ ရှိက သိကြရလေအောင်

အကျိုးဆောင်တဲ့ သဘောနဲ့ စာတစ်တန်ပေတစ်ဖွဲ့ မဟုတ်ပေမဲ့ တတ်သလောက် မှတ်သလောက် ကမောက်ကမ ရေးသား တင်ပြပေးလိုက်ပါရစေ။

မေတ္တာဆိုတာ ကိုယ်တူထား၍ ချမ်းသာစေလိုတဲ့စိတ်နဲ့ ယှဉ်တဲ့သဘောပါ။ နားလည်အောင် ပြောရရင် မေတ္တာစစ် မေတ္တာမှန် အချစ်စစ် အချစ်မှန်လို့ ဆိုရပါမယ်။ အချစ်စစ် အချစ်မှန် မေတ္တာစစ် မေတ္တာမှန်ကို တကယ်ရဖို့ တကယ်ဖြစ်ဖို့က တိမ်မယောင်နဲ့နက် လွယ်မယောင်နဲ့ ခက်ပါတယ်။ မေတ္တာစစ် မေတ္တာမှန်ကို ရပြန်လျှင်လဲ ရေလိုအေးလို့ ပန်းလိုမွှေးလှပါတယ်၊ ရေနဲ့ ပန်းတို့သည် အအေးဓာတ်နဲ့ အမွှေးဓာတ်ကို ဆောင်သလို သောက်သုံးသူ ပန်ဆင်သူကိုလဲ အေးစေ မွှေးစေပါတယ်။ မေတ္တာသည် လူမျိုးမရွေး ဘာသာမရွေး ရှိသင့် ဖြစ်သင့် ရှိထိုက် ဖြစ်ထိုက် ကျင့်သုံးထိုက်တဲ့ တရားတစ်ခုပါ။ ဘာကြောင့်လဲဆိုတော့ မိမိ၏ အကျိုးစီးပွားကို ဖြစ်မြောက်အောင် ပြီးမြောက်အောင် ကူညီ ဆောင်ရွက်ပေးမည် ဆိုပါလျှင် ဘယ်သူက ငြင်းပယ်မှာလဲ၊ အားလုံး ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံကြမှာပါ။ အဲဒါဟာ ချမ်းသာစေလိုတဲ့ မေတ္တာသဘောကို လူတိုင်းက လက်ခံနိုင်တဲ့အတွက် လူသားတိုင်း ကျင့်သုံးသင့်တယ်ဆိုတာ ဖေါ်ပြနေတဲ့ သဘောပါပဲ၊ လက်တွေ့အားဖြင့်လဲ စမ်းကြည့်နိုင်ပါတယ်။ လူတစ်ယောက်ကို ပြုံးရွှင်တဲ့ မျက်နက်နဲ့ကြည့်လျှင် ကိုယ့်ကိုလဲ ထိုသူက ပြုံးရွှင်တဲ့ မျက်နှာနဲ့ပဲ ပြန်ကြည့်ပါလိမ့်မယ်။ လူတစ်ယောက်ကို ချိုချိုသာသာနဲ့ နှုတ်ဆက်လျှင် ထိုသူကလဲ ချိုချိုသာသာနဲ့ ပြန်နှုတ်ဆက်မှာ သေချာပါတယ်။

## မေတ္တာဆိုတာ ထူးခြားလှတဲ့ ဓာတ်သဘာဝ တစ်မျိုးပါ၊

လောကမှာ ဓာတ်ခိုက်တယ် ဓာတ်ခိုက်တယ်လို့ ပြောကြတယ်၊ ရှိလဲရှိပါတယ်၊ ခိုက်လဲခိုက်ပါတယ်။ ဥသျှစ်သီးကို မီးဖုတ်လိုက်လျှင် အပင်ပေါ်မှာရှိတဲ့ ဥသျှစ်သီးတို့၏ အခွန်အားလုံး ကွဲအက်ကုန်ပါတယ်၊ ကင်ပွန်းပင်အောက်မှာ ဖွဲမီးတိုက်လျှင် အပင်ပေါ်မှ ကင်ပွန်းသီးအားလုံး ကြွေကျကုန်တယ်၊ လက်ပန်ပင်ကို မြင်းလားစွယ်နဲ့ ရိုက်သွင်းလျှင် အပင်ပေါ်က အသီးအပွင့်တွေ ကြွေကျကုန်ပါတယ်၊ ဒါတွေဟာ ဓာတ်ခိုက်တဲ့ သဘောပါ။ ပင်လယ်ထဲမှာ ချောင်းတွေထဲမှာ ဒီရေတက်လာလျှင် ငပိအိုးထဲက ငံပြာရည်တက်လာတယ်၊ ထူးဆန်းတယ်လို့ ထင်ကောင်း ထင်စရာရှိပါတယ်၊ သို့ပေမဲ့ မဆန်းပါဘူး ဓာတ်ခိုက်တဲ့ သဘောတွေပါ။ လူတွေ မပြတ်ခူးစားတဲ့ တမာပင် မခါးဘူး၊ လူမစားတဲ့ တမာပင် ပိုးခါးနေတယ်။ ဒါတွေအားလုံးဟာ ရုပ်ဝတ္ထုတွေ ဓာတ်ခိုက်ခြင်း သဘောတွေသာ ဖြစ်ကြပါတယ်။ နာမ်ဝတ္ထုတွေ ဓာတ်ခိုက်တဲ့ သဘောကြတော့ တစ်ဦး၏စိတ်နဲ့ တစ်ဦး၏စိတ် တူညီမှု ဓာတ်တူနှစ်ခု ထိတွေ့သွားတဲ့ သဘောပါပဲ။ ကြည့်လေ ကိုယ်ပြုံးတော့ သူပြုံးတယ်၊ ကိုယ်ချိုတော့ သူချိုတယ်၊ ကိုယ်ကမုန်းတော့ သူကလဲ မုန်းလာတယ်၊ ကိုယ်ကချစ်မြတ်နိုးတော့ သူကလဲ ချစ်မြတ်နိုးတာပဲ။ မေတ္တာတရား၏ အကျိုး၊ မေတ္တာတရား၏ ဓာတ်ခိုက်မှု ဆိုလိုတာပါ။ မမြင်ရပေမဲ့ နာမ်တရားတို့၏ အရှိန်အဝါက အင်မတန်ကြီးမားပါတယ်။

တစ်ချိန်သောအခါက မြတ်စွာဘုရားရှင် အာပဏ ဆိုတဲ့ အရပ်မှ ကုသိနာရုံသို့ နောက်ပါသံဃာတော် တစ်ထောင်နှစ်ရာ ငါးဆယ်နှင့်အတူ ကြွချီတော်မူခဲ့တယ်၊ ကုသိနာရုံပြည်

မလ္လာမင်းတို့က ဘုရားရှင် ကြွလာမည့်အကြောင်း ကြားသိရတဲ့အတွက် အမိန့်တစ်ခု ထုတ်ပြန်ပါတယ်။ "မြတ်စွာဘုရား ကြွလာတဲ့အခါ မြို့သူမြို့သား လူကြီးလူငယ် အားလုံးတို့ ကြိုဆိုကြရမည်၊ မကြိုဆိုသူ ဒါဏ်ငွေ ငါးရာ ပေးဆောင်ရမည်" လို့ သတ်မှတ်ကြသတဲ့၊ မြတ်စွာဘုရား ကြွလာတဲ့အခါ ကြိုဆိုကြသူတွေထဲမှာ အရှင်အာနန္ဒာ၏ မိတ်ဆွေဖြစ်ခဲ့တဲ့ 'ရောဇ' လို့ခေါ်တဲ့ မင်းသားတစ်ယောက် ပါလာပါတယ်၊ အရှင်အာနန္ဒာက သူ့၏ သူငယ်ချင်း ရောဇ ကိုတွေ့တော့ ဝမ်းမြောက်ဝမ်းသာနဲ့ မြတ်စွာဘုရားရှင်ကို ကြိုဆိုရတာ ကောင်းမြတ်တဲ့အကြောင်း နှုတ်ဆက်စကား ပြောတော့၊ ရောဇ မင်းသားက ယခုလို ကြိုဆိုတာက ဘုရား တရား သံဃာကို မြတ်နိုး ကြည်ညိုလို့ မဟုတ်ပါဘူး၊ မကြိုပဲနေလျှင် ဒါဏ်ငွေ ငါးရာ ပေးဆောင်ရမှာ ကြောက်လို့ပါလို့ စိတ်ဆိုး မာန်ဆိုးနဲ့ ပြောလိုက်တာပေါ့၊ အရှင်အာနန္ဒာမှာတော့ သူ၏ သူငယ်ချင်း ရောဇ မင်းသား ဒီလိုစကား ဘာကြောင့်များ ပြောတာပါလိမ့်၊ တော်တော်ကို ရိုင်းစိုင်းတဲ့လူပဲ၊ ဘုရား တရား သံဃာကို ကြည်ညိုရကောင်းမှန်း မသိရှာဘူး၊ ဒီလိုသာ ဆိုလျှင်တော့ ရသင့် ရထိုက်တဲ့ အကျိုးစီးပွားတွေ သူ့မှာ ဆုံးရှုံးကုန်တော့မည်လို့ ဆင်ခြင်ပြီး ဒီအကြောင်းတွေကို မြတ်စွာဘုရားရှင်အား လျှောက်ထားပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားရှင်က " ဒီ ရောဇ မင်းသားဟာ ငါဘုရားကို တွေ့နေရတဲ့ အခါမှာတောင် ဘုရား တရား သံဃာကို ကြည်ညိုရ မြတ်နိုးရကောင်းမှန်း မသိလို့ရှိလျှင် သူ့မှာဖြစ်သင့်တဲ့ ကုသိုလ်တရားတွေ ဖြစ်ခွင့်မရပဲ ဆုံးရှုံးသွားရှာတော့မည်"လို့ ဆင်ခြင်တော်မူပြီး ရောဇ မင်းသား တစ်ဦးတည်းကိုသာ စူးစိုက်ပြီး မေတ္တာပွားတော်မူပါတယ်။ ယခုကာလမှာ အင်မတန်အားကြီးတဲ့ ဆလိုက်မီးမောင်းကြီးတွေ အကျယ် ဖြန့်ထိုးရာက တစ်နေရာတည်းကိုသာ စုထိုးလိုက်သလို မြတာတ်စွာဘုရားရှင်က သတ္တဝါအားလုံးအပေါ်မှာ ဖြန့်ကြက်ပွားများနေတဲ့ မေတ္တာ ဆလိုက်မီးကြီးများကို ရောဇ မင်းသား တစ်ယောက်တည်းအပေါ်သို့ စုပေါင်း ပွားလွှတ်လိုက်တာ ရောဇ မင်းသား မနေနိုင်တော့ဘူး၊ ဘုရားရှင်၏ မေတ္တာဓာတ်အားတွေ ရောဇ မင်းသား မခံနိုင်တော့ဘူး၊ ခိုက်သွားတယ်။ မြတ်စွာဘုရားရှင်အပေါ် အလွန်ကြည်ညို မြတ်နိုးတဲ့စိတ်တွေ ထိမ်းမရ သိမ်းမရ ဖြစ်လာပါတယ်။ မွေးကာစ နွားငယ်ကလေး မိခင်နွားမကြီးကို ချစ်သလို မခွဲခွာနိုင်သလိုပါပဲ၊ ရောဇ-မင်းသားသည် ကျောင်းတစ်ခုမှ ကျောင်းတစ်ခုသို့ အလျှင်အမြန် ပြေးသွားပြီး မြတ်စွာဘုရားရှင်ကို ရှာနေရတယ်၊ တွေ့သမျှ သံဃာတော်များကိုလဲ မြတ်စွာဘုရားရှင် ဘယ်မှာပါလဲဘုရား၊ ဘယ်မှာ ရှိပါသလဲဘုရား ညွှန်းပြတော်မူပါ၊ ညွှန်းပြတော်မူပါနဲ့ အပြေးအလွှား ဘုရားရှင်ကို ရှာနေရတာပေါ့။

ဒါသည့်.ဘာလဲဆိုတော့ မြတ်စွာဘုရားရှင်၏ မေတ္တာဓာတ်က ရောဇ မင်းသားကို ခိုက်သွားစေတာပါပဲ၊ မေတ္တာဓာတ် ခိုက်သွားတယ်လို့ ဆိုရမှာပေါ့။ ဘုရားရှင်ကိုတွေ့တော့ အလွန်ရှိသေစွာ ရှိခိုးပြီး ထိုင်နေပါတယ်၊ မြတ်စွာဘုရားရှင်က ရောဇ မင်းသားနဲ့ သင့်လျော်တဲ့ ဒါနကထာ သီလကထာ စသည်ဖြင့် ဟောကြားတော်မူတော့ သောတာပန် အဆင့်နဲ့ အရိယာသူတော်ကောင်း ဖြစ်သွားပါတယ်။ ထို အခါကြတော့လဲ သူ-ဘာလျှောက်သလဲဆိုလျှင် " မြတ်စွာဘုရားရှင်၏ တပည့်သား သံဃာတော်တို့သည် သူ-လှူဒါန်းတဲ့ ပစ္စည်းလေးပါးကိုသာ ခံယူကြပါစေ. အခြားသူများ လှူဒါန်းသော ပစ္စည်းလေးပါးကို မခံယူကြပါစေနဲ့" လို့ လျှောက်ထားပါသတဲ့။ မေတ္တာတန်ခိုး မေတ္တာစွမ်းအားကြောင့် ရတနာသုံးပါးအပေါ်

ကြည်ညိုလေးစား သွားပုံကို ပြောလိုတာပါ၊ ယခုလို မေတ္တာဓာတ်ဖြင့် အခြားသူတို့၏ စိတ်နေစိတ်ထား ပြုပြင်ပေးနိုင်ပုံကို ထောက်ဆပြီးတော့ မိမိအပေါ် မလိုစိတ်ထား ဒေါသပွားနေသူများကို ယခုနေ အခါမှာ မေတ္တာဓာတ်ဖြင့် စူးစူးစိုက်စိုက် နှလုံးသွင်း ပွားများပေးလျှင် မေတ္တာခံ ပုဂ္ဂိုလ်များက ချစ်ခင် ကြည်ညို လာတတ်တယ်ဆိုတာ သိမှတ်ရပါတယ်။ လူသာမဟုတ် တိရ စ္ဆာန်များလဲ ချစ်တတ်ပုံကို အကြောင်းတိုက်ဆိုင်လို့ ပြောပြလိုက်ပါဦးမယ်။

## ဦးဘထူး၏ ထူးတဲ့မေတ္တာ။

ဦးဘထူး လို့ခေါ်တဲ့ သူတစ်ယောက်ဟာ တိရ စ္ဆာန်တွေကို အလွန်သနားတတ်ပါတယ်။ အထူးအားဖြင့် ခွေးသတ္တဝါတွေကို ပိုပြီး သနားကြင်နာ တတ်ပါတယ်၊ အရှင်မရှိတဲ့ ခွေးတွေကို အထူးကျွေးမွေး စောင့်ရှောက်လေ့ ရှိပါတယ်။ ရန်ကုန်မြို့ တောင်ဥက္ကလာ ကျိုက္ကစံ စေတီတော် ဝင်းထဲမှ ခွေးတွေကို သူသတ်မှတ်ထားတဲ့ ရက်တိုင်းမှာ ကောင်းမွန်စွာ ချက်ပြုတ်ပြီး သွားရောက်ကျွေးမွေးလေ့ ရှိပါတယ်၊ ခွေးတွေကလဲ သူလာတဲ့အခါ ကြိုဆိုကြသတဲ့။ ဒါကတော့ သိတ်ပြီး ထူးခြားလှတဲ့အချက် မဟုတ်သေးပါဘူး၊ တစ်ခါမှာတော့ ဦးဘထူးဟာ သူ့မိတ်ဆွေများနဲ့အတူ ကျိုက်ထိုတောင်စွန်းဌာန ကေလာသ မြသပိတ်စေတီတော်များကို ဖူးမျှော်ဖို့ သွားကြပါတယ်။ တောင်ခြေက ရွာတွေမှာရှိကြတဲ့ ခွေးတွေဟာ ဆိုးလဲဆိုး ကိုက်လဲ ကိုက်တတ်ပါတယ်၊ လူစိမ်းဆိုလျှင် ဝိုင်းပြီး ကိုက်တတ်ပါသေးတယ်၊ တောင်ပေါ်စေတီရှိရာ သွားလျှင်လဲ ဒီရွာတွေထဲကပဲ ဖြတ်သွားရပါတယ်။ ဦးဘထူး ခေါင်းဆောင်ပြီး ခွေးဆိုးတွေရှိတဲ့ ရွာထဲက ဖြတ်သွားကြတဲ့အခါ ခွေးဆိုးတွေက ဟောင်ပြီးတော့ အတင်းပြေးလာကြသတဲ့၊ အတူပါလာသူတွေကရော ရွာကလူတွေကရော မြင်သူအားလုံးက ကိုက်တော့မှာပဲ၊ ကိုက်တော့မှာပဲလို့ စိုးရိမ်နေကြတယ်၊ ဦးဘထူးနဲ့ ပါလာသူတွေကလဲ လုပ်ကြပါဦး လုပ်ကြပါဦးလို့ ပါးစပ်ကအော် လူတွေလဲ ကြောက်စိတ်တွေ ဝင်ပြီးတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ဖြစ်ကုန်ကြတယ်၊ ရွာထဲက လူတွေလဲ ခွေးတွေကို အော်ငေါက်ထုတ်ကြပေါ့၊ တော်တော်ကို အလုရှုပ်ကုန်ကြတယ်၊ ဘုရားဖူးလာသူတိုင်း ဒီလိုဖြစ်တတ်တဲ့သဘော ရှိပါသတဲ့၊ သို့ပေမဲ့ မတူတာတချက်က ပြေးလာတဲ့ ခွေးတွေအားလုံးဟာ ဦးဘထူးဆီကိုပဲ တိုးဝင်ကြပြီးတော့ မကိုက်တဲ့အပြင် မိမိတို့၏ အရှင်သခင်လိုပင် ပတတ်ရပ်ပြီး ဟိုယက် ဒီယက်နဲ့ အတင်းပဲ နှုတ်ဆက်ကြပါတယ်။ မြင်သူအားလုံးမှာလဲ တစ်ကြိမ်တစ်ခါမှ မမြင်ဘူးတဲ့ အထူးအဆန်းဖြစ်လို့ တစ်အံ့တစ်သြ မြင်တွေ့လိုက်ကြရပါတယ်။ အဲဒါဟာ မေတ္တာဓာတ်၏စွမ်းအား ဓာတ်ခိုက်မှု သဘောတစ်ခုလို့ မှတ်ယူရမှာပါပဲ။

မေတ္တာဓာတ်၏ အရှိန်အစော်က ဒီလို သက်ရှိသတ္တဝါကို မပြောပါနဲ့ သက်မဲ့ အရာဝတ္ထုတို့၏ အန္တရာယ်ကိုပင် ကာကွယ်ပေးနိုင်တဲ့ စွမ်းအားတွေလဲ ရှိနေပါတယ်။ သာမာဝတီ မိဘုရားကြီးသည် ဥတေနမင်းကြီးအပေါ်မှာ ကျေးဇူးတရားတွေ ဆင်ခြင်ပြီးတော့ မေတ္တာပွားနေပါတယ်၊ အဲဒီအချိန်မှာ သာမာဝတီ မိဘုရားကြီးထံ ပြစ်လွှတ်လိုက်တဲ့ ဥတေနမင်းကြီး၏မြှားသည် သာမာဝတီ မိဘုရားကြီးထံ မရောက်ပဲ လမ်းထက်ဝက်မှာ ဥတေနမင်းကြီးထံ ပြန်လှည့်လာပါတယ်၊ အဓိဋ္ဌာန်က အန္တရာယ်ကို ကာကွယ်ထားဆီးပုံပါပဲ။ နောက်တစ်ခုက သီဟဗာဟုဇာတ်မှာ သားနဲ့ မယား ပျောက်သွားတဲ့ ခြင်္သေ့ကြီးက လွမ်းဆွတ်ပြီး လိုက်လံ ရှာဖွေနေပါတယ်၊ ရောက်ရာ တွေ့ရာ ရွာတွေကလူတွေကို နှိပ်စက်တယ်၊

ဒီသတင်းကို ဝဂ်တိုင်း ရှင်ဘုရင်ကြီး ကြားသိရတော့ ခြင်္သေ့ကြီးကို သတ်ဖြတ်နိုင်သူကို ရှာရတယ်၊ နောက်ဆုံးတော့ ခြင်္သေ့ကြီး၏သား သီဟဗာဟု မင်းသားကိုပဲ သတ်ခိုင်းပါတော့တယ်။ သီဟဗာဟု မင်းသားက ဖခင်ခြင်္သေ့ကြီး ရှိရာကိုသွားပြီး လေးမြားနှင့် ပစ်သတ်တယ်၊ ခြင်္သေ့ကြီးကတော့ သားကိုမြင်လိုက်တာနဲ့ ချစ်ခြင်းမေတ္တာတွေ ဖြစ်လာလိုက်တာ ဝမ်းမြောက်ဝမ်းသာ ဖြစ်လာလိုက်တာ အရေထူ အရေပါးအကုန် တစ်ကိုယ်လုံး ပြန့်နှံ့တည်နေတာပေါ့၊ မင်းသားက ပစ်လိုက်တဲ့ လေးမြားဟာ ခြင်္သေ့ကြီးကို မထိပါဘူး၊ ပြန်လှည့်လာပြီး သီဟဗာဟု မင်းသားရှေ့မှာပဲ ကျတယ်၊ ဒုတိယ တတိယ သုံးကြိမ်သုံးခါ ပစ်သော်လဲ မင်းသားရှေ့မှာပဲ ပြန်ပြန်ပြီး ကျပါတယ်။ အဲဒီအခါမှာ ခြင်္သေ့ကြီးက ငါ့မှာတော့ ပူရ ဆွေးရ ငိုကြွေးရနဲ့ ချစ်လိုက်ရတာ သူကတော့ ငါ့ကို ဘခင်လို့ မသတ်မှတ်တော့ပဲကိုးလို့ မေတ္တာစိတ်တွေပျက်ပြီး ဒေါသစိတ်တွေ ဖြစ်ပေါ်လာတယ်၊ လေးကြိမ်မြောက် ပစ်လိုက်တဲ့ လေးမြားဟာ ခြင်္သေ့ကြီးကို ထိမှန်သေဆုံးစေပါတယ်။ ဒီနေရာမှာတော့ မေတ္တာသက်သက် မဟုတ်ပေမဲ့ သားတည်းဟူသော ချစ်ခြင်း ဂေဟာသိတပေမ ကြောင့်လဲ မြားလက်နက် မထိမှန် မစူးဝင်တာ ရှိကြောင်းကို မှတ်ယူကြဖို့ပါ။ မေတ္တာစိတ် ပျက်ချိန်မှာ အန္တရာယ် ဝင်လာနိုင်တာကိုလဲ သိစေလိုတာ ပါပါတယ်၊ "မေတ္တာခြုံမှ လုံတယ်" ဆိုတာလဲ နားလည်ရတာပေါ့။

## ဂေဟာသိတပေမ ကလဲ အစွမ်း ရှိပါတယ်။

ဂေဟာသိတပေမ ကလဲ စွမ်းပါတယ်ဆိုတာ သီဟဗာဟုဇာတ်မှာ နားလည်ရသလို ကျမ်းဂန်မှာလာတဲ့ နွားမကြီးမေတ္တာကို ပြောပြခြင် ပါသေးတယ်။ အမေ-နွားမကြီး သားငယ်နွားကလေးကို နို့တိုက်နေတယ်၊ မုဆိုးက လှံကို ကိုင်ပြီးရောက်လာတယ်၊ နွားမကြီးကို အားစိုက်ပြီး ထိုးသတ်လိုက်တယ်၊ လှံသွားကြီး ခွေလိပ်သွားပါတယ်။ နွားမကြီး၏ (ဂေဟာသိတပေမ) မိခင်မေတ္တာပေါ့၊ သားကလေး နို့ဝပါစေ-ချမ်းသာပါစေ ဆိုတဲ့ မိဘတို့၏ ဗြဟ္မဝိဟာရ မေတ္တာတရား၊ ဘယ်ကလောက် အရှိန်သတ္တိ ရှိသလဲ၊ မုဆိုးကြီး အင်နဲ့အားနဲ့ ထိုးလိုက်တဲ့လှံ မစူးနိုင်ဘူး၊ သံဖြစ်ပေမဲ့ အသားအရေကို မဖောက်နိုင်ဘူး၊ နွားမကြီးက စွမ်းတာမဟုတ်ပါဘူး သူ့မှာဖြစ်နေတဲ့ မေတ္တာက စွမ်းတာသာ ဖြစ်ပါတယ်။ အထက်မှာ ပြောပြခဲ့တဲ့ သီဟဗာဟုဇာတ်မှာ ကြည့်ကြပေါ့၊ ခြင်္သေ့ကြီးက စွမ်းတာမဟုတ်ဘူး၊ မေတ္တာက စွမ်းနေတာပါ၊ သုံးကြိမ်သုံးခါ မြားမစူးဘူး၊ လေးကြိမ်မြောက် ရောက်လာတော့ မေတ္တာအစား ဒေါသက ဝင်ပြီး နေရာယူလာတဲ့အခါ မြားစူးဝင်သွား တာပါပဲ။ ဒီတော့ ဇနီးမောင်နှံ အချင်းချင်း အတူနေပုဂ္ဂိုလ် အချင်းချင်း သားသမီးနဲ့မိဘ၊ ညီအကို မောင်နှမ အချင်းချင်း ဗြဟ္မဝိဟာရ မေတ္တာကို အချိန်များများ ပွားကြမည်ဆိုပါလျှင် အင်မတန်ကောင်းပါတယ်၊ အကျိုးကျေးဇူးလဲ မုချရှိနေတာပါပဲ။ ဒီလို မေတ္တာတရား ပွားကြလို့ ဆုတ်ယုတ်သွားတယ်ဆိုတာ ကမ္ဘာဦးကအစ ဒီကနေ့အထိ မရှိသေးပါဘူး၊ ကိုယ်တိုင်လက်တွေ့ ကျင့်သုံးကြည့်နိုင်ပါတယ်။

ယခုလို မေတ္တာအခါတော် နေ့ရက်ကြီးမှာ မေတ္တာစံအိမ်ကလေး တစ်ခု တည်ဆောက်လိုက်ကြရအောင်၊ မိဘသားသမီး အတူနေကြတယ်၊ သားသမီးတွေကလဲ မိဘကိုချစ်လို့၊ မိဘတွေကလဲ သားသမီးတွေကို ချစ်မြတ်နိုးကြလို့၊ ဆုံးမကြလို့ သွန်သင်ကြလို့ ပြောတတ်ဆိုတတ် နေတတ်ထိုင်တတ်

ဆက်ဆံတတ်အောင် မကောင်းမှုတွေ မပြုဖြစ် မပြောဖြစ် မကြံစီဖြစ်အောင်၊ ကောင်းမှုကုသိုလ်တွေ ဖြစ်အောင် သင်ကြားလမ်းညွှန်ကြလို့ သားသမီးတွေကလဲ လိမ်လိမ်မာမာနဲ့ မိဘစကား နားထောင်ကြလို့ ဒီလိုသာ နေထိုင်ကျင့်သုံးကြလျှင် ဒီအိမ်ကြီးမှာ အထူးမေတ္တာ မပွားပေမဲ့ မေတ္တာစံအိမ်ကြီး ဖြစ်နေပါတယ်။ အိမ်ရှိလူအားလုံး မေတ္တာဓာတ်တွေ ဖြစ်ပေါ်နေပါတယ်၊ မိဘက သားသမီးအပေါ်မှာ သားသမီးက မိဘအပေါ်မှာ ကာယကံမေတ္တာနဲ့ သားသမီးဝတ္တရား ကျေပွန်စွာ၊ ဝစီကံမေတ္တာနဲ့ ချိုချိုသာသာ ပြောကြလို့၊ မနောကံမေတ္တာနဲ့ အကျိုးလိုလားတဲ့ စိတ်တွေဖြစ်လို့ မိဘတွေကလဲ သားသမီးတွေ အပေါ်မှာ ဒီအတိုင်းဖြစ်လို့ နေထိုင်သွားကြမည်ဆိုပါလျှင် အတိုင်းထက်အလွန် မေတ္တာဂေဟာကြီး ဖြစ်နေပြီပေါ့။ ဓာတ်ခံကောင်းနေတဲ့ အိမ်ရှိလူသားတွေ မေတ္တာကို ဘာဝနာ တစ်ခုအနေနဲ့ ပွားနေကြလျှင် အရာရာကို တခဏနဲ့ အောင်မြင်နိုင်ပါတယ်။ ဒီအိမ်ကိုရော အိမ်ရှိလူများကိုရော ဘာအန္တရာယ်မှ မကျရောက်နိုင်ပါဘူး။ ဘာကြောင့်တုံးဆိုတော့ မေတ္တာဟာ အကျိုး (၁၁) မျိုး ရရှိနေလို့ပဲ ဖြစ်ပါတယ်။

(၁) သုခံ သုပတိ၊ ချမ်းသာစွာ အိပ်ရ၏။

(၂) သုခံ ပဋိဗုဇ္ဈတိ၊ ချမ်းသာစွာ နိုးကြား၏။

(၃) နပါပကံ သုပိနံ ပဿတိ၊ အိပ်မက်ဆိုး မမြင်မက်။

(၄) မနုဿာနံ ပိယော ဟောတိ၊ လူတို့ ချစ်ခင်နှစ်သက်၏။

(၅) အမနုဿာနံ ပိယော ဟောတိ၊ နတ်တို့ ချစ်ခင်နှစ်သက်၏။

(၆) ဒေဝတာ ရက္ခန္တိ၊ နတ်တို့ စောင့်ရှောက်၏။

(၇) နာဿ အဂ္ဂိဝါ ဝိသံဝါ သတ္ထံဝါ ကမတိ၊ အဆိပ်,မီး,ဓားလှံ, မြား လက်နက် မထိရောက် မစူးရှနိုင်။

(၈) တုဝဋံ စိတ္တံ သမာဓိယတိ၊ စိတ်တည်ကြည်မှု လျှင်စွာရ၏။

(၉) မုခ ဝဏ္ဏော ဝိပ္ပသီဒတိ၊ မျက်နှာအဆင်း ကြည်လင် လှပ၏။

(၁၀) အသမ္မူဠော ကာလံ ကရောတိ၊ တွေဝေခြင်း ကင်းလျက် သေရ၏။

(၁၁) ဥတ္တရိ အပ္ပဋိ ဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ၊ သေသည်၏ အခြားမဲ့၌ ဗြဟ္မပြည်သို့ ရောက်ရ၏။

"အိပ်, နိုးချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက်လူနတ်၊ စောင့်လတ်နတ်များ၊ ဆိပ်,မီး,ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ သေကာမတွေ၊ လားလေဗြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း"။ (မဟာစည် ဆရာတော်)

မေတ္တာတရား၏ အကျိုးကျေးဇူး ဆယ့်တစ်ပါးကို အင်္ဂုတ္တရ ပါဠိတော်မှာ အဲဒီလို ဟောပြထားပါတယ်။ မေတ္တာ အခါတော်နေ့ရက် ဝါခေါင်လပြည့်နေ့မှာ တောအရပ်၌ ဒုတိယဝါဆို ဝါကပ်တော်မူကြမည့် ရဟန်းတော်တို့အား မြတ်စွာဘုရားရှင် ဟောကြားတော် မူခဲ့သည့်

မေတ္တာသုတ်တော်လာ တရားတော်တို့၏အစွမ်း၊ ယနေ့ စုပေါင်းပူဇော်ကြရတဲ့ မေတ္တာသုတ်တော် အာနုဘော်အဟုန် တန်ခိုးဂုဏ်သတ္တိတို့ကြောင့် လာရောက်ကြတဲ့ (၇)နေ့ သားသမီးများနဲ့ ဖတ်ရှုလေ့လာကြတဲ့ (၇)နေ့ သားသမီးများ၊ စကြာဝဠာ အနန္တ၊ ကမ္ဘာအနန္တ ရှိနေကြတဲ့ သက်ရှိသတ္တဝါ အားလုံးတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာခြင်း၊ ကောင်းရာဆန္ဒ ပြည့်ဝပါစေခြင်း စသော အကျိုးတရားတို့နှင့် ပြည့်စုံတော် မူကြပါစေလို့ ဆုတောင်းပတ္ထနာ ပြုရင်းဖြင့် မေတ္တာအခါတော်နေ့၌ လက်လှမ်းမှီသမျှ မေတ္တာအကြောင်း သိကောင်းစရာများကို တင်ပြပေးလိုက်ပါတယ်။

**သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာ ရှိကြပါစေ။**

လေးစားစွာဖြင့်... ကျနော် ဘုန်းသျှံ

၁၆-၀၈-၂၀၁၁။